International Labour Organization



# ပြည်တွင်း ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး (DIILM) စီမံကိန်း ဖေဖော်ဝါရီလ ၂၀၁၆ ခုနှစ်မှ ဇွန်လ ၂၀၂၁ ခုနှစ်အထိ

## ရွှေ့ပြောင်းအလုပ်သမားအထောက်အပံ့စင်တာများ(MCs)နှင့် သတင်းအချက်အလက်၊ ဝန်ဆောင်မှုနှင့် သင်တန်းပေးစင်တာများ (GIFTS) - ၂၀၁၉ ခုနှစ်မှ - ၂၀၂၀ ဒီဇင်ဘာလအထိ

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့အစည်း (ILO) အနေဖြင့် ၂၀၁၄ ခုနှစ်ကတည်းကစတင်၍ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နယ်ပယ်တွင် တက်ကြွစွာဆောင်ရွက်လျက်ရှိသည့် အလုပ်သမားအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားကွန်ရက် တည်ထောင်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ပါသည်။ ကွန်ရက်အနေဖြင့် အတွေ့အကြုံများနှင့် လေ့လာတွေ့ရှိချက်များကို အလေးထား မျှဝေခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်၊ ပူးပေါင်းပြုလုပ်သည့် စည်းရုံးလှုံ့ဆော်မှုပွဲများကို ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်၍ ဦးဆောင် အဖွဲ့အစည်းအချို့အဖြစ် ကွန်ရက်အဖွဲ့ဝင်များကို အသိအမှတ်ပြုလာကြသည်။ ၂၀၁၉ ခုနှစ်တွင်၊ နိုင်ငံအနှံ့ မဟာဗျူဟာကျသော တည်နေရာအမျိုးမျိုးတွင် ရွှေပြောင်းအလုပ်သမားအထောက်အပံ့စင်တာများကို တည်ထောင်ဆောင်ရွက်နိုင်ရန် DIILM စီမံကိန်းက အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ပံ့ပိုးပေးခဲ့ပါသည်။ ရွှေ့ပြောင်းသွားလာနိုင်ချေရှိသူများ၊ နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏မိသားစုဝင်များအနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ တိကျသည့် နောက်ဆုံးအခြေအနေ သတင်းအချက်အလက်များ သိရှိရယူနိုင်သည့် နေရာများတွင် စင်တာများကို တည်ထောင်ထားရှိပါသည်။ စင်တာများတွင် တိုင်ကြားမှုကိစ္စရပ်များနှင့်ပတ်သက်၍ အကြံဉာဏ်နှင့် ဥပဒေဆိုင်ရာအထောက်အကူပြု အကူအညီများရယူနိုင်သည့်အပြင်၊ အခက်အခဲကြုံတွေ့ချိန်တွင် ဆွေးနွေးလမ်းညွှန်မှုကိုလည်း ရယူနိုင်ပါသည်။

ရွှေ့ပြောင်းအလုပ်သမား အထောက်အပံ့စင်တာများ (MCs)

- ❖ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး - မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)
  https://www.facebook.com/mrc.dagon
- ❖ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ် - မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MK)
  https://www.facebook.com/mrc.tachileik
- ❖ မြဝတီမြို့နယ်၊ ကရင်ပြည်နယ် - Samaritans' Purse (SP)
  ဖုန်းနံပါတ် - ၀၉ ၇၆၇ ၈၈၉ ၈၀၂ ၊ ၀၉ ၄၄၂ ၅၅၂ ၂၆၀ ၊ ၀၆ ၃၄၄ ၀၀၃ ၂၂ (ထိုင်းနိုင်ငံ)
- ❖ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး - ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (FED)
  https://www.facebook.com/mrc.kawthaung.3
- ❖ ဥသာမြို့သစ်၊ ပဲခူးတိုင်းဒေသကြီး - အနာဂတ်အလင်းတန်းများဆုံမှတ် (FLC)
  https://www.facebook.com/bago.mrc
- ❖ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး - BusinessKind Myanmar (BKM)
  https://www.facebook.com/Good-Move-Centre-Hlaing-Thar-Yar-1865344773612109

စင်တာတစ်ခုချင်းစီအနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ အသိပညာ/ဗဟုသုတနှင့် ယုံကြည်မှု တိုးပွားစေရန် ကြိုးစားရှာဖွေနေသော ရွှေ့ပြောင်းသွားလာသူများအား အစဉ် တံခါးဖွင့်ပေးထားပြီး၊ စင်တာများ၌ ရွှေ့ပြောင်းသွားလာသူများအနေဖြင့် အငြင်းပွားမှု (သို့မဟုတ်) အလွဲသုံးစားပြုမှုကြုံတွေ့ရသည့်အခြေအနေတွင် အကူအညီရယူနိုင်ခြင်းအပြင်၊ အတွေ့အကြုံရှိထားသောသူများနှင့် တွေ့ဆုံ ဆွေးနွေးရန်လိုအပ်သည့်အခါတွင်လည်း အကူအညီရယူနိုင်သည်။ စင်တာတွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့်

© International Labour Organization 2020

စင်တာသို့ လာရောက်၍ အကူအညီရယူသူများကို ဝန်ဆောင်မှုပေးခြင်းနှင့်၊ သက်ဆိုင်ရာဒေသ (ရပ်ကွက်/ကျေးရွာ) များသို့ သွားရောက်၍ ဝန်ဆောင်မှု ပေးခြင်း နှစ်မျိုးစလုံးကို ဆောင်ရွက်ပေးပါသည်။

၂၀၂၀ ခုနှစ်တွင် DIILM စီမံကိန်းသည် ရွှေ့ပြောင်းသွားလာသူများအား သတင်းအချက်အလက်၊ သင်တန်းများနှင့် ဝန်ဆောင်မှုများ (GIFTS) ဆောင်ရွက်ပေးရန် ပုံစံအမျိုးမျိုးဖြင့်တည်ရှိနေသည့် စင်တာများ၏ အတွေ့အကြုံများပေါ်အခြေခံ၍ နည်းလမ်းများရှာဖွေပြီး၊ အောက်ပါ ရွှေ့ပြေး ဆောင်ရွက်ချက်များကို ပံ့ပိုးပေးခဲ့ပါသည်။

- ❖ လူမှုမီဒီယာနှင့် အွန်လိုင်းရေဒီယိုမှတစ်ဆင့် ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များ - MAP Foundation https://www.facebook.com/mapfoundation
- ❖ အခါအားလျော်စွာပြုလုပ်သည့် ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လှုပ်ရှားမှု/လုပ်ဆောင်ချက်များ - ထီးခီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဘုရားသုံးဆူမြို့နယ်၊ မွန်ပြည်နယ်၊ လှိုင်ကော်၊ ကယားပြည်နယ်၊ FED
- ❖ ကိုဗစ်နိုင်တင်းကာလအတွင်း စက်ရုံပိတ်သိမ်းမှုများကြောင့် အလုပ်အကိုင်ဆုံးရှုံးသွားသော အထည်ချုပ်စက်ရုံ ပြည်တွင်း ရွှေ့ပြောင်းအလုပ်သမားများအတွက် Cash for work (အလုပ်အကိုင်အတွက်အခကြေးငွေ) စီစဉ်ဆောင်ရွက်ပေးမှု - ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး - ရောင်ခြည်ဦးအလုပ်သမားအဖွဲ့ https://www.facebook.com/Yaung-Chi-Oo-Workers-Association-235985156449927

**ရပ်ရွာအခြေပြု စည်းရုံးဆောင်ရွက်မှုများ**- MC နှင့် GIFT စင်တာများသည် ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ ရပ်ရွာလူထု၏ ဖြေရှင်းဆောင်ရွက်နိုင်စွမ်းကို ခိုင်မာအားကောင်းစေရန် ရည်ရွယ်လျက်၊ ရွှေ့ပြောင်းသွားလာသူများ အတွေ့အကြုံဖလှယ်သည့် ဆွေးနွေးပွဲများတွင် နေရပ်ပြန်လာသူများနှင့် ရွှေ့ပြောင်းသွားလာလိုသူများ တစ်ဦးနှင့်တစ်ဦး ဝေမျှရန်၊ လေ့လာသင်ယူရန် ပံ့ပိုးပေးခြင်း၊ အလုပ်သမားများ အချင်းချင်း ဆွေးနွေးပြောဆိုရန် တနင်္ဂနွေစကားဝိုင်းများပြုလုပ်ပေးခြင်း၊ လူကိုယ်တိုင်လာရောက်နိုင်ခြင်းမရှိသူများကို မက်ဆင်ဂျာအပါအဝင် လူမှုမီဒီယာမှတစ်ဆင့် ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်း သတင်းစကားများ အဆင့်ဆင့် ဖြန့်ဝေပေးခြင်းကို ပံ့ပိုးဆောင်ရွက်ပေးပါသည်။ ရွှေ့ပြောင်းသွားလာသူတစ်ဦးချင်းစီမှ အနည်းဆုံး အခြားသူ ၁၀ ဦးထံသို့ သတင်းစကား တစ်ဆင့်ဖြန့်ဝေပေးခြင်းဖြင့်၊ ရွှေ့ပြောင်းသွားလာလိုသူ သောင်းဂဏန်းခန့်သို့ သတင်းစကား ရောက်ရှိနိုင်ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ကုန်ပိုင်းခန့်တွင်၊ ရွှေ့ပြောင်းသွားလာသူပေါင်း ၁၁,၉၁၈ ဦးသည် ရပ်ရွာအခြေပြုစည်းရုံးဆောင်ရွက်သည့် ပွဲအစီအစဉ်များသို့တက်ရောက်ပါဝင်ခဲ့ကြသည် (အမျိုးသမီး ၄၈ %၊ အမျိုးသား ၅၂ %)။

**စင်တာသို့လာရောက်သူများကိုဝန်ဆောင်မှုပေးခြင်း–**
ရွှေ့ပြောင်း အလုပ်သမားများကို ဥပဒေဆိုင်ရာအကြံဉာဏ်၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှု၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များအပါအဝင်၊ လိုင်စင်ရအေဂျင်စီများ၏ ရပ်တည်မှုအခြေအနေ အတည်ပြုချက်၊ လုပ်သားစုဆောင်းခအသေးစိတ်နှင့် ရရှိနိုင်သည့် အလုပ်အကိုင်များအကြောင်းကို ပံ့ပိုးဖြည့်ဆည်းပေးပါသည်။

**စည်းရုံးလှုံ့ဆော်မှုကမ်ပိန်းများ–** MC နှင့် GIFT စင်တာများမှတစ်ဆင့် ရွှေ့ပြောင်းသွားလာသူများနှင့် ထောက်ခံအားပေးသူများသည် ပို၍ဘေးကင်းလုံခြုံပြီး၊ အကျိုးကျေးဇူးပိုမိုရရှိစေသော ရွှေ့ပြောင်းသွားလာမှုအတွေ့အကြုံများ သေချာရရှိစေရန်၊ ဥပဒေ၊ မူဝါဒများနှင့် လက်တွေ့ကျင့်သုံးမှုများကို ပြုပြင်ဆောင်ရွက်ခြင်းအား အဆိုပြုခဲ့ကြသည်။ စည်းရုံးလှုံ့ဆော်မှုများအတွက် အကြံပြုချက်များကို မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း ဖော်ဆောင်ခဲ့ပြီး၊ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်၍ သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများအကြား မျှဝေခြင်း၊ အများပြည်သူဆိုင်ရာ အခမ်းအနားများပြုလုပ်၍ ပြည်သူများအကြား သတင်းစကား မျှဝေခြင်းတို့ကို ပြုလုပ်ခဲ့သည်။

**သင်တန်းများ**- ရွှေ့ပြောင်းသွားလာလိုသူ ၅,၇၉၃ ဦး (အမျိုးသမီး ၄၇ %၊ အမျိုးသား ၅၃%) သည် MC နှင့် GIFT စင်တာများတွင် သင်တန်းများတက်ရောက်ခဲ့ပြီး၊ လုပ်သားစုဆောင်းခြင်း လုပ်ထုံးလုပ်နည်းများ၊ ရွှေ့ပြောင်းသွားလာခြင်းတွင်ပါဝင်သည့် ကုန်ကျစရိတ်များ၊ အလုပ်သမားအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ ဆွေးနွေးညှိနှိုင်းနည်းနှင့် တိုင်ကြားမှုပြုလုပ်နည်း၊ အခြေအနေအမျိုးမျိုးတွင် ဆက်သွယ်နိုင်မည့်သူများအကြောင်း၊ ရွှေ့ပြောင်းသွားလာခြင်းအတွက် ပြင်ဆင်ရန်နည်းလမ်းများနှင့် အိမ်ပြန်ရန်အတွက် ကြိုတင်ပြင်ဆင်နည်းများအပြင် ငွေကြေးစီမံခန့်ခွဲနည်းများကိုလည်း သင်ယူလေ့လာနိုင်ခဲ့ကြသည်။

**တိုင်ကြားမှုပြုလုပ်ခြင်း** - MC နှင့် GIFT စင်တာများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်၊ ရွှေ့ပြောင်းသွားလာခြင်းလုပ်ငန်းစဉ်တွင် ခေါင်းပုံဖြတ်ခံရသည့် ရွှေ့ပြောင်းသွားလာသူ ၂,၉၀၅ ဦး (အမျိုးသမီး ၃၁ %၊ အမျိုးသား ၆၉%) ကို ဥပဒေ အကူအညီပေးနိုင်ခဲ့သည်။ ရွှေ့ပြောင်းသွားလာသူများကြုံတွေ့ရသည့် ခေါင်းပုံဖြတ်ခြင်းတွင် လုပ်သားစုဆောင်းမှုအတွက် အခကြေးငွေပိုပေးရခြင်း၊ အလုပ်အကိုင်၊ အခြေအနေများနှင့်ပတ်သက်၍ လှည့်စားခံရခြင်း၊ သို့မဟုတ် ဆိုက်ရောက်နိုင်ငံတွင် လုပ်ခ



© International Labour Organization 2020

အပြည့်အဝ မရရှိခြင်း၊ သို့မဟုတ် မတရား အလုပ်ထုတ်ခံရခြင်းတို့ပါဝင်သည်။ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ရွှေ့ပြောင်းသွားလာသူများအား ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများနှင့် တိုက်ရိုက်စေ့စပ်ညှိနှိုင်းရန်၊ သို့မဟုတ် MOLIP ၏ တိုင်ကြားမှုယန္တရား သို့မဟုတ် ဆိုက်ရောက်နိုင်ငံရှိ သက်ဆိုင်ရာယန္တရားသို့ အမှုတိုင်ကြားနိုင်ရန်အတွက် ပံ့ပိုးကူညီပေးခဲ့သည်။ ရလဒ်အနေဖြင့်၊ ၂၀၂၀ နှစ်ကုန်ခန့်တွင် အမှုတိုင်ကြားထားသည့် ရွှေ့ပြောင်းသွားလာသူများသို့ လျော်ကြေး မြန်မာကျပ်ငွေ ၄၈ဖ သန်း ပေးနိုင်ခဲ့သည်။

**အကူအညီပေးဖုန်းလိုင်းဝန်ဆောင်မှုများ** – မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဖုန်း၊ ဗိုက်ဘာ၊ မက်ဆင်ဂျာမှတစ်ဆင့် အကူအညီဝန်ဆောင်မှုများပေးနိုင်ခဲ့သည်။ ရွှေ့ပြောင်းသွားလာသူများအနေဖြင့် ပျောက်ဆုံးသွားသောမိသားစုဝင်များကို ရှာဖွေခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍လက်ရှိမူဝါဒများကို လေ့လာစစ်ဆေးခြင်းနှင့်၊ ရုပ်ပိုင်း (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခံရသည့် အခြေအနေများတွင် အကြံဉာဏ်ရယူခြင်းအတွက် ဆိုက်ရောက်နိုင်ငံများရှိ ပံ့ပိုးကူညီသည့်အဖွဲ့များနှင့်ပတ်သက်၍ ဆက်သွယ်ရမည့်သတင်းအချက်အလက်များကို တောင်းခံရန် ဤဝန်ဆောင်မှုများကို အသုံးပြုကြပါသည်။

© International Labour Organization 2020

## ၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်တွင် အကျိုးခံစားရသူများစာရင်း

| MC ဝန်ဆောင်မှုများ | ၂၀၁၉ | ၂၀၂၀ | စုစုပေါင်း | ကျား/မ |
|---|---|---|---|---|
| ရပ်ရွာအခြေပြု စည်းရုံးဆောင်ရွက်မှုများ  | ၄,၉၆၅<br>၅၁% ၄၉% | ၆,၉၅၃<br>၄၆% ၅၄% | ၁၁,၉၁၈ | ၄၈% ၅၂% |
| သင်တန်း  | ၃,၈၄၄<br>၄၆% ၅၄% | ၁,၉၄၉<br>၄၈% ၅၂% | ၅,၇၉၃ | ၄၇% ၅၃% |
|  တိုင်ကြားမှုပြုလုပ်ခြင်း | ၁,၈၅၇<br>၃၄% ၆၆% | ၁,၀၉၃<br>၂၆% ၇၄% | ၂,၉၅၀ | ၃၁% ၆၉% |
| စင်တာသို့လာရောက်သူများကို  ဝန်ဆောင်မှုပေးခြင်း- | ၉၁၂<br>၄၉% ၅၁% | ၆၈၉<br>၄၅% ၅၅% | ၁,၆၀၁ | ၄၇% ၅၃% |
| ဖုန်းလိုင်းဝန်ဆောင်မှု  | ၂၂၂<br>၃၃% ၆၇% | ၄,၇၅၈<br>၂၈% ၇၂% | ၄,၉၈၀ | ၂၉% ၇၁% |
| စုစုပေါင်း | ၁၂,၉၁၄ | ၁၇,၃၁၂ | ၃၀,၂၂၆ | ၄၃% မ : ၅၇% ကျား |

ရင်းမြစ် - ရွှေ့ပြောင်းအလုပ်သမားအထောက်အပံ့စင်တာများ၏ စောင့်ကြည့်လေ့လာမှု အချက်အလက်များ

© International Labour Organization 2020

## ရွှေ့ပြောင်းအလုပ်သမားများကို သတင်းအချက်အလက်ပေးခြင်း

**ပုံနှိပ်မီဒီယာ –**

MC နှင့် GIFT စင်တာများသည် ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်း၊ အလုပ်သမားအခွင့်အရေးများ၊ လူမှုဖူလုံရေး၊ ရွှေ့ပြောင်းသွားလာခြင်းကုန်ကျစရိတ်၊ စာရွက်စာတမ်းပြုလုပ်ခြင်း၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအကြောင်း သတင်းအချက်အလက်များ ပါဝင်သည့် လက်ကမ်းစာစောင်များကို ဝေမျှပေးခဲ့သည်။ လက်ကမ်းစာစောင်များတွင် မြန်မာနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများရှိ အစိုးရဝန်ဆောင်မှုများ၊ အလုပ်သမားသံအရာရှိများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအတွက် ဆက်သွယ်နိုင်သည့် သတင်းအချက်အလက်များလည်း ပါဝင်ပါသည်။ လက်ကမ်းစာစောင်များကို စင်တာများတွင် ဝေမျှပေးခြင်းအပြင်၊ ရပ်ရွာတွင်းသွားရောက် ဆောင်ရွက်စဉ်ကာလအတွင်းနှင့် အထူးအခမ်းအနားပွဲများတွင်လည်း ဝေမျှပေးခဲ့သည်။ လက်ကမ်းစာစောင် ၅၀,၀၀၀ ကျော်ကို ရွှေ့ပြောင်းသွားလာလိုသူများနှင့် ၎င်းတို့၏ မိသားစုများကို ဝေမျှပေးနိုင်ခဲ့သည်။

**အွန်လိုင်း ရေဒီယိုနှင့် လူမှုမီဒီယာ**

ထိုင်းနိုင်ငံအခြေစိုက် MAP ဖောင်ဒေးရှင်းသည် ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းသွားလာသူများကို မြန်မာဘာသာနှင့် ရှမ်းဘာသာ အသုံးပြု၍ နောက်ဆုံးရ သတင်းအချက်အလက်များကို ဝေမျှပေးရန် ရေဒီယိုလိုင်းကို အသုံးပြုပါသည်။ DIILM စီမံကိန်း ပံ့ပိုးမှုဖြင့်၊ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာလိုသူများနှင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများအတွက် အစီအစဉ်အချို့ကို တိုက်ရိုက်ထုတ်လွှင့်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရပ်ရွာအခြေပြု ရေဒီယိုထုတ်လွှင့်မှုနှင့်ပတ်သက်၍ အစီအစဉ်များအနေဖြင့် FM99MHz(ရှမ်းဘာသာ)၊ FM102.5MHz (မြန်မာဘာသာ)ဖြင့် MAP ရေဒီယို ဖေ့စ်ဘွတ်စာမျက်နှာ (https://www.facebook.com/mapradiocmms/) တွင် ထုတ်လွှင့်ပေးလျက်ရှိပါသည်။ ထို့အပြင် MAP သည် ထိုင်းနိုင်ငံရေဒီယိုလိုင်း (AM1476KHz) ပေါ်တွင်လည်း ရှမ်းဘာသာဖြင့် ထုတ်လွှင့်ပေးလျက်ရှိပြီး၊ ဖေ့စ်ဘွတ်စာမျက်နှာ (https://www.facebook.com/AM1476KHz) တွင်လည်း လေ့လာကြည့်ရှုနိုင်ပါသည်။ မူဝါဒ၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ပြုပြင်ပြောင်းလဲမှုနှင့်သက်ဆိုင်သည့် အရေးကြီးသော သတင်းအချက်အလက်များကိုလည်း MAP ဖေ့စ်ဘွတ်စာမျက်နှာ (https://www.facebook.com/mapfoundation/) နှင့် MC ၊ GIFT ဖေ့စ်ဘွတ်စာမျက်နှာများတွင်လည်း မျှဝေဖော်ပြထားပါသည်။

**ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုများနှင့် မိတ်ဖက်အဖွဲ့အစည်းများ အစည်းအဝေး**

MCs/GIFTS များသည် သီးခြားဆောင်ရွက်နေခြင်းမဟုတ်ဘဲ၊ စင်တာအချင်းချင်း သတင်းအချက်အလက်မျှဝေခြင်းအပြင် စင်တာတစ်ခုချင်းစီအနေဖြင့် ပြည်တွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းဆောင်ရွက်ပါသည်။ ပါဝင်သည့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှာ- အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ သက်ဆိုင်ရာကိစ္စရပ်များအလိုက် နိုင်ငံတကာ အန်ဂျီအိုအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတို့ဖြစ်သည်။ ကွန် ရက်ချိတ်ဆက်ဆောင်ရွက်ခြင်းကြောင့် စင်တာများအနေဖြင့် ထိရောက်သည့် အမှုလွှဲပြောင်းပေးခြင်းစနစ်များကို ဆောင်ရွက်နိုင်ခြင်း အပြင်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ လိုအပ်ချက်များကို ပြည်တွင်းအခြေအနေနှင့်ကိုက်ညီစွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပိုမိုစည်းရုံးဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ပြည့်စုံကောင်းမွန်၍ ညှိနှိုင်းဆောင်ရွက်မှုရှိသည့် ဝန်ဆောင်မှုများကိုလည်း ဖြည့်ဆည်း ပေးနိုင်ခဲ့သည်။

►FED၏ဘေးကင်းလုံခြုံစွာရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိအမြင်မြှင့်တင်ပေးခြင်းသင်တန်း

►မြန်မာရွှေ့ပြောင်းသွားလာသူများအတွက် CTUM က တိုင်ကြားမှုဖြေရှင်းဆောင်ရွက်ပေးခြင်း

© International Labour Organization 2020



ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊




မဲဆောက်ခရိုင်၊ ထိုင်းနိုင်ငံ

© International Labour Organization 2020

## MC နှင့် GIFT စင်တာများကို ပံ့ပိုးပေးခြင်း

ရွှေ့ပြောင်းအလုပ်သမားအထောက်အပံ့စင်တာများအတွက် လိုအပ်ချက်များနှင့် ရွှေ့ပြောင်းသွားလာသူများအတွက် လိုအပ်သည့် အခြားဝန်ဆောင်မှုများကို မြန်မာရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားကွန်ရက် အစည်းအဝေးများမှ တစ်ဆင့် ဆွေးနွေးဖော်ထုတ်ပြီး၊ ရွှေ့ပြောင်းသွားလာသူများအတွက် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန်၊ DIILM စီမံကိန်းအနေဖြင့် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုအမျိုးအစား၊ သင့်လျော်သည့် ဝန်ဆောင်မှု ဖြည့်ဆည်းပေးခြင်းနည်းလမ်း၊ လုပ်ငန်းဆောင်ရွက် ချက်များနှင့် ဝန်ဆောင်မှုအသုံးပြုခြင်းများကို မှတ်တမ်းတင်ခြင်းနည်းလမ်းများနှင့်ပတ်သက်၍ မိတ်ဖက်အဖွဲ့အစည်းများအကြား ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။ ဥပဒေဆိုင်ရာအထောက်အကူပေးခြင်း၊ အမှုလွှဲပြောင်းပေးခြင်း၊ အကျိုးခံစားရသူအချက်အလက်များ မှတ်တမ်းတင်ခြင်း၊ ဤသက်ဆိုင်ရာအမှုများကို စာရွက်စာတမ်းပြင်ဆင်ခြင်းများနှင့်ပတ်သက်၍ သီးခြားသင်တန်းများကိုလည်း ပြုလုပ် ပေးခဲ့ပါသည်။ ပုံမှန် စောင့်ကြည့်လေ့လာမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို မိတ်ဖက်အဖွဲ့အစည်းများနှင့်ဆောင်ရွက်ခြင်းအပြင်၊ လက်တွေ့အခြေအနေနှင့်ကိုက်ညီစွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် ပိုမိုခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများ နှင့် ဆွေးနွေးညှိနှိုင်းလျက် စောင့်ကြည့်လေ့လာရေးပုံစံ(ဖောင်)များကိုလည်း ခေတ်ကာလနှင့်အညီ မွမ်းမံပြင်ဆင်ခဲ့သည်။ ထို့အပြင် DIILM စီမံကိန်းသည် မိတ်ဖက်အဖွဲ့အစည်းများအား မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အချက်အလက်များကို ဝေမျှပေးခြင်းအပြင်၊ ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ အလားအလာများ၊ တုံ့ပြန်ဖြေရှင်းဆောင်ရွက်ချက်များကို လည်း ဝေမျှပေးခဲ့သည်။ စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်သုံးသပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ချက်အသေးစိတ်အစီရင်ခံခြင်းနှင့် ငွေ ကြေးဆိုင်ရာ အစီရင်ခံတင်ပြခြင်းများနှင့်ပတ်သက်၍ တစ်ဦးချင်းသင်တန်းများကိုလည်းပေးခဲ့ပါသည်။

**ပြည်တွင်း ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး(DIILM) စီမံကိန်း**ကို အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့အစည်း (LIFT) က ရန်ပုံငွေ ပံ့ပိုးပေးပြီး၊ ရွှေ့ပြောင်းသွားလာသူများအတွက် ဝန်ဆောင်မှုများနှင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းစီမံအုပ်ချုပ်ရေး မူဝါဒဆိုင်ရာ မူဘောင်ကို ခိုင်မာအားကောင်းစေရန် မြန်မာနိုင်ငံရှိ သုံးပွင့်ဆိုင်မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။

Livelihoods and Food Security Fund

**သတင်းအချက်အလက်ပိုမိုသိရှိလိုပါက–**

ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး၊ မြန်မာနိုင်ငံ

+၉၅ ၁ ၂၃၃၆၅၃၈၊ ၂၃၃၆၅၃၉

+၉၅ ၉ ၄၂၁၁၂၆၈၆၉
သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

https://www.ilo.org/yangon/areas/labour-migration/lang--en/index.htm

အမှတ် (၁) (က)၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

© International Labour Organization 2020

© International Labour Organization 2020